**အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည့်လုပ်ငန်း (၁၃) ခုနှင့်ပတ်သက်သည့် သက်ဆိုင်ရာလုပ်ငန်းအလိုက် တင်ဒါဝယ်ယူထားသည့် ကုမ္ပဏီများသို့ ရှင်းလင်းဆွေးနွေးပွဲ**

**(4 July 2025)**

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည့် MACCS စနစ်၏ Maintenance Vendor (၄) ခု၊ အခြားသော ICT System များ၏ Maintenance Vendor (၇) ခု၊ Hardware Change / System Renewal ဆောင်ရွက်မည့် လုပ်ငန်း (၂) ခု စုစုပေါင်း လုပ်ငန်း (၁၃) ခုနှင့်သက်ဆိုင်သည့် တင်ဒါကြော်ငြာကို ၁၇-၆-၂၀၂၅ ရက်နေ့နှင့် ၁-၇-၂၀၂၅ ရက်နေ့ တို့တွင် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာနှင့် ဝန်ကြီးဌာန Website တို့တွင် အသီးသီး ကြေညာထားပြီး ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည့်လုပ်ငန်း (၁၃) ခုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာလုပ်ငန်းအလိုက် ယခုလက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများ၊ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါအမှတ်ပေးစည်းမျဉ်းများကို တင်ဒါပုံစံဝယ်ယူထားသည့် ကုမ္ပဏီများသို့ ရှင်းလင်းဆွေးနွေးသည့် အစည်းအဝေးကို ၄-၇-၂၀၂၅ ရက်နေ့ (သောကြာနေ့) ၊ နေ့လည် (၁၄:၀၀) နာရီ အချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ MACCS အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲ အစည်းအဝေးသို့ တင်ဒါပုံစံဝယ်ယူထားသည့် ကုမ္ပဏီများမှ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် သက်ဆိုင်ရာလုပ်ငန်းအလိုက် လုပ်ငန်းတစ်ခုချင်းစီ၏ နည်းပညာအဆိုပြုလွှာအပေါ် အကဲဖြတ်အမှတ်ပေးသွားမည့် အမှတ်ပေးစည်းမျဉ်းများ၊ ဈေးနှုန်းအဆိုပြုလွှာအပေါ် တွက်ချက်အမှတ်ပေးသွားမည့် အမှတ်ပေးစည်းမျဉ်းများ၊ နည်းပညာအဆိုပြုလွှာ ပြန်လည်တင်ပြချိန်တွင် ပါရှိရမည့်စာရွက်စာတမ်းများအား သတ်မှတ်ထားရှိသည့် အချိန်ကာလ အတွင်း အချိန်မီပြန်လည်တင်ပြနိုင်ရေးစသည်တို့အား အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။



**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ**